နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့.

ယဉ်ကျေးမှုတက္ကသိုလ် ဥပဒေ

(နိုင်ငံရေးတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့. ဥပဒေအမှတ် ၇/၉၃)

၁၃၅၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၄ ရက်

(၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့.သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တက္ကသိုလ်**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့်ယဉ်ကျေးမှုတက္ကသိုလ်ကိုဆိုသည်၊

(ခ) **ကောင်စီ**ဆိုသည်မှာ တက္ကသိုလ်၏လုပ်ငန်းတာဝန်များကိုကြီးကြပ်ရန် ဤဥပဒေအရဖွဲ့စည်းသည့်တက္ကသိုလ်ကောင်စီကိုဆိုသည်၊

(ဂ) **ကျောင်း**ဆိုသည်မှာ အရုပ်များ၊ဖွဲ့လုပ်စမ်းသပ် ပန်းပန်းပန်းပုကျောင်းများနှင့် ပန်းချီပန်းပုကျောင်းများကိုဆိုသည်။

အခန်း(၂)

တက္ကသိုလ်တည်ထောင်ခြင်း

၃။ ယဉ်ကျေးမှုတက္ကသိုလ်ကို ဤဥပဒေစတင် အာဏာသက်ရောက်သည့်နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့်တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၅။ တက္ကသိုလ်တည်ထောင်သည့်အချိန်တွင် တည်ရှိနေသော ကျောင်းများသည်တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ကျောင်းများဖြစ်သည်ဟု မှတ်ယူရမည်။

၆။ အစိုးရသည် တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့်ယဉ်ကျေးမှုသိပ္ပံနှင့်ကျောင်းများကိုလိုအပ်သလို ဖွဲ့စည်းနိုင်သည်။

အခန်း(၃)

တက္ကသိုလ်၏ ရည်မှန်းချက်များ

၇။ တက္ကသိုလ်၏ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့်တိုးတက်ပြန့်ပွားရေးတို့ကိုဆောင်ရွက်ရန်၊

(ခ) မြန်မာ့သုခမ အနုပညာတိုးတက်ပြန့်ပွားရေးနှင့်ထူးချွန်သော အနုပညာရှင်များပေါ်ထွန်းရေးတို့အတွက် သုတေသနနှင့်လေ့ကျင့်ပျိုးထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊

(ဂ) မြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့်လေ့ထုံးစံများကို တက္ကသိုလ်၊ ယဉ်ကျေးမှုသိပ္ပံနှင့်ကျောင်းများကွင် သင်ကြားပို့ချရန်၊

(ဃ) မြည်ထောင်စုစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ် ရှင်သန်လက်မြောက်ရေးတို့ကိုအထောက်အကူပြုရန်၊

(င) အကျင့်စာရိတ္တနှင့်ကိုယ်ကျင့်တရား ကောင်းမွန်သော အနုပညာရှင်ကောင်းများ မွေးထုတ်ပေးရန်။

အခန်း(၄)

ကောင်စီဖွဲ့စည်းခြင်း

၈။ အစိုးရသည် တက္ကသိုလ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က)	ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ	ကောင်စီဝင်များ
(ဂ)	ဘာသာရေးဆိုင်ရာ ပညာရှင်များ	ကောင်စီဝင်များ
(ဃ)	သင်္ဂြိုလ်သောနိုင်ငံသားများ	ကောင်စီဝင်များ
(င)	ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန	အတွင်းရေးမှူး

၉။ အစိုးရသည် လိုအပ်လျှင် ကောင်စီ၏ဝတ္တရားတာဝန်ယူကွပ်ကဲနှင့်တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

၁၀။ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်သည့်ခိုးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

အခန်း(၅)

ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တက္ကသိုလ် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) တက္ကသိုလ် ပညာရေးနှင့်သက်ဆိုင်သည့်သုတေသနလုပ်ငန်းများဆောင်ရွက်ရန်သတ်မှတ်ခြင်း၊

(ဂ) တက္ကသိုလ်က အပ်နှင်းမည့် ဘွဲ့၊ဒီပလိုမာနှင့်တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ သတ်မှတ်ခြင်း၊

(ယ) တက္ကသိုလ်တွင် လက်ခံသင်ကြားမည့်ကျောင်းသားဦးရေသတ်မှတ်ခြင်း၊

(ဝ) တက္ကသိုလ်ဝင်ခွင့် အရည်အချင်းသတ်မှတ်ခြင်း၊

(စ) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်သည့်ဆရာများ၏အရည်အချင်းသတ်မှတ်ခြင်း၊

(ဆ) တက္ကသိုလ်၏စီမံခန့်ခွဲရေးလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့်အဆုံးအဖြတ်ပေးခြင်း၊

(ဇ) တက္ကသိုလ်စာမေးပွဲများ ကျင်းပရေးနှင့်စစ်လျှော်း၍ အဆုံးအဖြတ်ပေးခြင်း၊

(စျ) တက္ကသိုလ်အတွက် လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံကိုသတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ရေးဆွဲ၍ကာအည်ပြုထားနှိုခြင်း၊

(ည) လိုအပ်သော ကျွမ်းကျင်မှုအကူအညီနှင့်အခြားအကူအညီများကို အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှ ရယူခြင်း၊

(ဋ) တက္ကသိုလ်ပါမောက္ခချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပေးခြင်း။

အခန်း(၆)

ပညာရေးအဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၂။ တက္ကသိုလ်၏ပညာသင်ကြားရေးလုပ်ငန်းနှင့်စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကိုထိရောက်စွာ ဆောင်ရွက်ရန် ကောင်စီသည် အောက်ပါအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) တက္ကသိုလ်ပညာရေးအဖွဲ့၊

(ခ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့။

၁၃။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ သက်တမ်းကိုသတ်မှတ်ပေးရမည်။

၁၄။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပေးရမည်။

၁၅။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့်တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့တွင် ပါဝင်သော ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်သည့်ချီးမြှင့်ငွေများကိုခံစားခွင့်ရှိသည်။

အခန်း(၇)

အထွေထွေ

၁၆။ တည်အဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေအရတည်ထောင်သည့် တက္ကသိုလ်သည် ဘွဲ့၊ဒီပလိုမာနှင့်တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့်ရှိစေရမည်။

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ယဉ်ကျေးမှုဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုအစိုးရ အဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်

(ခ) ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့်ကောင်စီကိုသည်လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလုတ်ပြန်နိုင်သည်။